British Embassy Rangoon

UKaid from the British people

**သတင်းထုတ်ပြန်ကြေငြာခြင်း : ၁၉ နိုဝင်ဘာ ၂၀၁၃ (အင်္ဂါနေ့)**

**UK လွှတ်တော်၏ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အလည်အပတ်**

UK လွှတ်တော်၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အဖွဲ့ဝင်များသည် ၂၀၁၃ နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၇ အထိ မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်မည်ဖြစ်ပါသည်။ လာရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအတွက် UK ၏ဌာနတစ်ခု (UK's Department for International Development) မှ လုပ်ဆောင်နေသော UK အကူအညီအထောက်အပံ့လုပ်ဆောင်မှုကို ပြန်လည်စစ်ဆေးသုံးသပ်ရန်ဖြစ်ပါသည်။

UK အစိုးရသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂၀၁၀/၂၀၁၁ တွင် ပေါင် ၃၁ သန်း) မှ ၂၀၁၃/ ၂၀၁၄အတွင်း ပေါင်သန်း ၆၀ (ဒေါ်လာ ၉၅ သန်း) ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အကူအညီများဖြင့် ပံ့ပိုးပေးလျှက်ရှိပါသည်။ UK အထောက်အပံ့အနေဖြင့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များအပါအဝင် မိခင်နှင့် ကလေး ကျမ်းမာရေးစောင့်ရှောက်မှု၊ လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ နှင့် ဆင်းရဲသား၊သူများအား ၄င်းတို့၏ စိုက်ပျိုးရေးနှင့် လုပ်ငန်းများမှ ဝင်ငွေတိုးပွားလာမှုကို ကူညီနိုင်ရန် သက်သာသော နှုန်းဖြင့် ထောက်ပံ့ပေးလျှက်ရှိသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ ပြည်သူ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ DFID ၏ လုပ်ဆောင်မှုသည် ကော်မတီ၏ စုံစမ်းစစ်ဆေးမှုအတွက် သီခြားပစ်မှတ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် လျှင်မြန်သော ပြောင်းလဲမှုပတ်ဝန်းကျင်နှင့်အတူ ကော်မတီအနေဖြင့် အနာဂတ်တွင် DFID ၏ အစီအစဉ်များကို မည်သို့ လုပ်ဆောင်မည်ကိုလည်း ခွဲခြမ်းစိတ်ဖြာလိမ့်မည်ဖြစ်သည်။

ကော်မတီသည် မြန်မာနိုင်ငံတွင် များစွာသော လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံမည်ဖြစ်၍ အထောက်အထားများလည်း စုဆောင်းလိမ့်မည်ဖြစ်သည်။ တွေ့ဆုံမည့်သူများတွင် အစိုးရ ဝန်ကြီးများ၊ အတိုက်အခံ ခေါင်းဆောင်များ၊ ပြည်တွင်း လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ နှင့် စီးပွားရေးခေါင်းဆောင်များ ပါဝင်ပါသည်။ ကော်မတီသည် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များသို့ သွားရောက်မည်ဖြစ်၍ DIFID စီမံကိန်းများ လုပ်ဆောင်နေသည့် ကျေးလက်ဒေသရှိ မြို့ရွာများနှင့် ကျေးရွာများသို့ အလည်အပတ်သွားမည်ဖြစ်သည်။

British Embassy Rangoon

UKaid from the British people

IDC သည် UK လွှတ်တော်၏ ရွေးချယ်ထားသည့် ကော်မတီဖြစ်ပါသည်။ ထိုကော်မတီသည် အစိုးရဌာနများ၏ လုပ်ဆောင်ချက်များကို စိစစ်စစ်ဆေး၍ အစီရင်ခံစာ မှတ်တမ်းပြုစုပါသည်။ လွှတ်တော်၏ စေ့စပ်သေချာစွာစိစစ်စစ်ဆေးခြင်းသည် UK အစိုးရ၏ လုပ်ဆောင်ချက်ကို လွှမ်းမိုးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်၍ IDC ၏ အလည်အပတ် ခရီးစဉ်သည် မြန်မာနိုင်ငံရှိ DFID ၏လုပ်ငန်းများကို ပြည်လည်သုံးသပ်ရန် အရေးပါသော အခွင့်အလမ်းတစ်ခုဖြစ်လိမ့်မည်။

<u>မှတ်ချက်</u>

IDC အကြောင်းနှင့်ပတ်သက်၍ တခြား သတင်းအချက်အလက်များအတွက်သော်လည်းကောင်း "မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှု" နှင့် ပတ်သက်၍ ၎င်းကော်မတီ၏ စုံစမ်းစစ်ဆေးမှု အတွက်သော်လည်းကောင်း အောက်ပါ website များကို ကြည့်ပါ။

- International Development Select Committee
- Inquiry: Democracy and development in Burma

- ပြီး -

တခြားသော သတင်းအချက်အလက်များအတွက် ကျေးဇူးပြု၍ သတင်းထုတ်ပြန်ရေးရုံး <PressOffice@dfid.gov.uk> သို့ဆက်သွယ်ပါ။